# GLAD

## Golden Land East Asia Development Public Company Limited

16th December, 2022 (Friday)

## 16th ANNUAL GENERAL MEETING

**ONLINE MEETING**

**( 2 :00 PM)**

**(Shareholders Online Registration ( 25.11.2022 - 8.12.2022)**

"အစုရှယ်ယာရှင်များအနေဖြင့် မေးမြန်း/အကြံပြုလိုသည်များရှိပါက (၇. ၁၂. ၂၀၂၂) ရက်(ဗုဒ္ဓဟူး)နေ့ ညနေ (၄:၃၀) နာရီနောက်ဆုံးထား၍ admin@glad.com.mm သို့ ပေးပို့နိုင်ပါသည်။"

"For any questions and suggestions, Please kindly send to admin@glad.com.mm Latest 4:30 PM at 7.12.2022"

## GLAD ကုမ္ပဏီ၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင်

## ဆောင်ရွက်မည့်ကိစ္စရပ်များ

(၁) ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်အတွက် ကြိုတင်အသိပေးထားရှိသည့် ဒါရိုက်တာအဖွဲ့၏နှစ်ပတ်လည်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းအား တင်ပြ အတည်ပြုခြင်း။

(၂) အမြတ်ဝေစုခွဲဝေမှုနှင့် စပ်လျဉ်း၍ကြေညာခြင်း။

(၃) ဒါရိုက်တာအဖွဲ့၏ ၃ ပုံ ၁ ပုံ ရှိသော ဒါရိုက်တာများ နုတ်ထွက်ခြင်း၊ ဒါရိုက်တာအဖွဲ့ဝင်သစ်များ ခန့်အပ် ခြင်းနှင့်အတည် ပြုခြင်း။

(၄) ၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ် Win Thin & Associate Audit Firm ကိုခန့်အပ်ခြင်း နှင့် အတည်ပြုခြင်း။

“ အစုရှယ်ယာရှင်များအနေဖြင့် မေးမြန်း အကြံပြုလိုသည်များ ရှိပါက (၇-၁၂-၂၀၂၂) ရက်နေ့( ဗုဒ္ဓဟူးနေ့)၊ ညနေ (၄:၃၀) နာရီ နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည် “

ဒါရိုက်တာအဖွဲ့

ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေး အများနှင့် သက်ဆိုင်သော ကုမ္ပဏီ လီမိတက်

.................................................

## Agenda of GLAD 16th Annual General Meeting

1. Shareholder’s Approval of Director’s Report and Financial Statements of Financial Year 2021-2022.
2. Announcement of shareholder’s dividend.
3. Shareholder’s Approval for the Resignation of Directors which is one-third of the total Directors and for Election and Appointment of BOD Member for FY 2022-2023.
4. Shareholder’s Approval for Appointment Auditor,” Win Thin & Associate Audit Firm” for FY 2022-2023.

“For any questions or suggestions, please kindly send them by 4:30 pm on 7.12.2022 December 2022.”

Board of Director

Golden Land East Asia Development Public Company Limited

## **အစုရှယ်ယာရှင်များအား အသိပေးခြင်း**

၁။ ရွှေနိုင်ငံ အရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (GLAD) ၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို **COVID 19** ဗိုင်းရပ်စ်ပျံ့နှံ့မှုအား တားဆီး ကာကွယ်နိုင်ရန်အတွက် လူမှုရေးအကွာအဝေး လမ်းညွှန်ချက်များနှင့်ပတ်သက်၍ ကျန်းမာရေး ဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ အာဏာပိုင်များ၏ လမ်းညွှန်ချက်များနှင့်အညီ အွန်လိုင်း **(Online)** အသုံးပြုပြီး (၁၆.၁၂.၂၀၂၂) ရက်နေ့ (သောကြာနေ့) နေ့လည် (၂:၀၀) နာရီတိတိ အချိန်တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါ သည်။

၂။ ဒါရိုက်တာအဖွဲ့၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် နှစ်ပတ်လည်အစီရင်ခံစာကို ၄.၁၂.၂၀၂၂ ရက်နေ့တွင် **GLAD Website** ဖြစ်သော www.glad.com.mm ၌ တင်ပြထားပေးမည် ဖြစ်ပါသည်။

၃။ အစုရှယ်ယာရှင်များ၏ အကြံပြုချက် / မေးမြန်းချက်များ ရှိပါက ၇.၁၂.၂၀၂၂ ရက်နေ့ (ဗုဒ္ဓဟူးနေ့)၊ ညနေ (၄:၃၀) နာရီ နောက်ဆုံးထားပြီးကုမ္ပဏီသို့ စာဖြင့်သော်လည်းကောင်း၊ admin@glad.com.mm သို့ အီးမေးဖြင့်လည်းကောင်း ရေးသားပေးပို့နိုင်ပါသည်။

၄။ အလှည့်ကျနုတ်ထွက်ပေးခဲ့သော ဒါရိုက်တာများနှင့် အသစ်ဆန္ဒပြုလာသော ဒါရိုက်တာများထဲမှ ၂၀၂၂-၂၀၂၃ ခုနှစ် အတွက်ခန့်အပ်မည့် ဒါရိုက်တာအသစ်များအား ရွေးချယ်ခြင်းကို ဆန္ဒမဲပေးရွေးချယ်ရန်လိုအပ်ပါက မဲပေးရွေးချယ်ခန့်အပ်သွားမည်ဖြစ်ပါသည်။

၅။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအရ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ရွေးချယ်ခံလိုသူသည် အစုရှယ်ယာအရေအတွက်(၂၅,၀၀၀) စု ပိုင်ဆိုင်ထားသူ ဖြစ်ရန်လိုအပ်ပြီး ရွေးချယ်ခံရန် ဆန္ဒရှိပါက ကုမ္ပဏီ ၏ **Website** ဖြစ်သော www.glad.com.mm သို့ ဝင်ရောက်၍ သက်မှတ်ထားသော အဆိုပြုပုံစံအား Download ပြုလုပ်ဖြည့်စွက်ပြီး **၇.၁၂.၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) ညနေ (၄ : ၃၀) နာရီ ထက်နောက်မကျဘဲ** အီးမေးလိပ်စာ admin@glad.com.mm သို့ပေးပို့ရပါမည်။ သတ်မှတ်အချိန်ထက် ကျော်လွန်ပါက လက်ခံစဉ်းစားပေးမည် မဟုတ်ပါ။

၆။ အွန်လိုင်းမှတ်ပုံတင်ခြင်းပြုလုပ်ရန် အစုရှယ်ယာရှင်များထံသို့ SMS ပေးပို့မည်ဖြစ်ရာ ထိုသို့ SMS ပေးပို့နိုင်ရန်နှင့် အစုရှယ်ယာရှင်ဖြစ်ကြောင်း သေချာစေရန်အတွက် ကုမ္ပဏီသို့ယခင်ပေးပို့ထားသော မိုဘိုင်းဖုန်းများ အပြောင်းအလဲ ရှိပါလျှင်သော်လည်းကောင်း၊ မပေးပို့ရသေးသောသူများ အနေဖြင့်လည်း အစုရှယ်ယာရှင် ကိုယ်တိုင်အမှန်တကယ်ကိုင်ဆောင်ထားသည့် မိုဘိုင်းဖုန်းနံပါတ်ကို GLAD ရုံးချုပ်သို့ ကုမ္ပဏီ၏ ဖုန်း **09-5504358** သို့ ပေးပို့ရန်လိုအပ်မည်ဖြစ်ပါသည်။

၇။ အွန်လိုင်း မှတ်ပုံတင်ခြင်းပြုလုပ်ရန် အခက်အခဲရှိသည့် အစုရှယ်ယာရှင်များအနေဖြင့် GLAD Share Department ၏ Viber ဖုန်းနံပါတ် **09-5504358** သို့ အစုရှယ်ယာရှင်၏ မှတ်ပုံတင်မူရင်းကို ရှေ့နောက် ဓာတ်ပုံရိုက်၍ အမည်၊ မှတ်ပုံတင်အမှတ်နှင့် အစုရှယ်ယာရှင် ကိုယ်တိုင်အမှန်တကယ် ကိုင်ဆောင်သည့် မိုဘိုင်းဖုန်းနံပါတ်တစ်ခုဖြင့် သတ်မှတ်ချိန်အမီ ပေးပို့မှတ်ပုံတင် နိုင်ပါသည်။

၈။ အစုရှယ်ယာရှင်များသည် ဒါရိုက်တာအဖွဲ့ဝင်အသစ်များကို ရွေးချယ်ရာတွင် ဆန္ဒပြုရွေးချယ်ရန် လိုအပ်ပါက ဆန္ဒမဲပေးရွေးချယ်နိုင်ရန်အတွက် ကုမ္ပဏီမှပေးပို့သည့် SMS တွင် အွန်လိုင်း (Onlie) မှ မှတ်ပုံတင်၍လည်းကောင်း၊ (သို့မဟုတ်) ကုမ္ပဏီ၏ Website ဖြစ်သော www.glad.com.mm တွင် Register ပြုလုပ်၍လည်းကောင်း၊ **၈.၁၂.၂၀၂၂ ရက် (ကြာသပတေးနေ့) ညနေ (၄:၃၀) နာရီထက် နောက်မကျဘဲ မှတ်ပုံတင်ခြင်း (Register)** ပြုလုပ်ရန်လိုအပ်မည်ဖြစ်ပါသည်။ ထိုသို့အချိန်မီ မှတ်ပုံတင်ထားသည့် အစုရှယ်ယာရှင်များသာ အစည်းအဝေး တက်ရောက်ခွင့်နှင့် ဆန္ဒပြုမဲပေးနိုင်ခွင့်ကို ရရှိမည်ဖြစ်ပါသည်။

၉။ အွန်လိုင်းမှ အစည်းအဝေးတက်ရောက်မည့် အစုရှယ်ယာရှင်များ မှတ်ပုံတင်နိုင်ရေးနှင့် လိုအပ်ပါက ဆန္ဒမဲပေးနိုင်ရေး စနစ်များကိုလည်း ကုမ္ပဏီ၏ **Website** နှင့် အစုရှယ်ယာရှင်များ၏ ဖုန်းနံပါတ်များသို့ SMS Link များပေးပို့၍ ဆက်လက်အသိပေးသွားပါမည်။

ဒါရိုက်တာအဖွဲ့

ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (GLAD)

Golden Land East Asia Development Public Company Limited
ရွှေနိုင်ငံ အရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေး အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်

သို့

ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေး အများနှင့် သက်ဆိုင်သော ကုမ္ပဏီ လီမိတက်

ရက်စွဲ။ ။၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ( )ရက်။

## ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ပါဝင်အရွေးခံရန် အဆိုပြုလွှာ

လူကြီးမင်းခင်ဗျား...

ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေး အများနှင့် သက်ဆိုင်သော ကုမ္ပဏီ လီမိတက် တွင် ယင်းကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို လိုက်နာလျက် ၂၀၂၂-၂၀၂၃ ခုနှစ်အတွက် ဒါရိုက်တာအဖွဲ့ဝင်သစ်များ ပြန်လည် ရွေးချယ်ခန့်အပ်ရာတွင် ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးအဖြစ် ပါဝင် အရွေးအချယ်ခံလိုကြောင်း အဆိုပြုပါသည်။

အဆိုပြုသူလက်မှတ် ------------------------------

အဆိုပြုသူအမည် ------------------------------

မှတ်ပုံတင်အမှတ် ------------------------------

ဝယ်ယူထားသည့် အစုရှယ်ယာလက်မှတ်အမှတ်နှင့်

ပိုင်ဆိုင်မှုအရေအတွက် ------------------------------

နေရပ်လိပ်စာ ------------------------------

ဆက်သွယ်ရန်ဖုန်းနံပါတ် ------------------------------

**ဒါရိုက်တာအဖြစ် အရွေးခံရန် အဆိုပြုနိုင်သည့် အစုရှယ်ယာရှင်၏အရည်အချင်း သတ်မှတ်ချက်နှင့် စည်းကမ်းချက်များ**

၁။ အစုရှယ်ယာအရေအတွက် (၂၅၀၀၀) နှစ်သောင်းငါးထောင်နှင့်အထက် ပိုင်ဆိုင်ရမည်။

၂။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ပြဋ္ဌာန်းထားသည့် ဒါရိုက်တာအရည်အချင်းနှင့် ပြည့်မီ၍ သတ်မှတ်စည်းမျဉ်း စည်းကမ်းများအား လိုက်နာနိုင်သူဖြစ်ရမည်။

၃။ အဆိုပြုလွှာနှင့်အတူ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံ(၂)ပုံ ပါရှိရမည်။

၄။ ပူးတွဲပါ ကိုယ်ရေးမှတ်တမ်းအကျဉ်းတွင် ပြည့်စုံစွာ ဖြည့်စွက်၍ ပြန်လည်ပေးပို့ရမည်။

၅။ ၇-၁၂-၂၀၂၂ ရက်နေ့ (ဗုဒ္ဓဟူးနေ့) ညနေ (၄း၃၀) နာရီထက် နောက်မကျဘဲ Email လိပ်စာ admin@glad.com.mm သို့ နောက်ဆုံးထား ပေးပို့ရန်နှင့် ၎င်းအချိန်ထက် ကျော်လွန်ပါက အတည်ပြု လက်ခံစဉ်းစားမည် မဟုတ်ပါ။

No. 268, Pyay Road, Dagon Centre II, 8th Floor, Room No. (8/E), Myaynigone, Sanchaung Township, Yangon, Myanmar.
Tel: (95-1) 516620, Fax: (95-1) 516620, HP: 09- 550 4358, 09- 550 4359
Email: admin@glad.com.mm, goldenlandeastasia.plc@gmail.com

ရှေ့နိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေး အများနှင့် သက်ဆိုင်သော ကုမ္ပဏီ လီမိတက်

၂၀၂၂-၂၀၂၃ ခုနှစ်အတွက် ဒါရိုက်တာအဖြစ် ပါဝင် အရွေးခံလိုသူ၏

ကိုယ်ရေးမှတ်တမ်းအကျဉ်း

| | | | |
|---|---|---|---|
| ၁။ | အမည် | - | ------------------------------------------------------- |
| ၂။ | နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် | - | ------------------------------------------------------- |
| ၃။ | မွေးသက္ကရာဇ် | - | ------------------------------------------------------- |
| ၄။ | ပညာအရည်အချင်း | - | ------------------------------------------------------- |
| | | | ------------------------------------------------------- |
| ၅။ | လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ | - | ------------------------------------------------------- |
| ၆။ | မိဘအမည်၊ကိုးကွယ်သည့်ဘာသာ | - | ------------------------------------------------------- |
| ၇။ | လက်ရှိနေရပ်လိပ်စာ | - | ------------------------------------------------------- |
| | | | ------------------------------------------------------- |
| ၈။ | ဆက်သွယ်ရန် ဖုန်းနံပါတ် | - | ------------------------------------------------------- |
| | အီးမေးလ် | - | ------------------------------------------------------- |
| ၉။ | ဝယ်ယူထားသည့် အစုရှယ်ယာလက်မှတ် | - | ------------------------------------------------------- |
| | အမှတ်နှင့် အရေအတွက် | - | ------------------------------------------------------- |
| ၁၀။ | ကုမ္ပဏီလုပ်ငန်း အတွေ့အကြုံ | - | ------------------------------------------------------- |
| | (နောက်ဆက်တွဲဖြင့် ဖော်ပြနိုင်ပါသည်) | - | ------------------------------------------------------- |
| ၁၁။ | အခြားလုပ်ငန်း အတွေ့အကြုံ | - | ------------------------------------------------ |
| | (နောက်ဆက်တွဲဖြင့် ဖော်ပြနိုင်ပါသည်) | - | ------------------------------------------------ |

၁၂။ အထက်ဖော်ပြပါ အကြောင်းအရာပါများမှာ မှန်ကန်ပါကြောင်းနှင့် ဒါရိုက်တာအဖြစ် ရွေးချယ်ခံရပါက လက်ခံဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

အဆိုပြုသူ အစုရှယ်ယာရှင်၏ လက်မှတ်

- - - - - - - - - - - - - - - - - - - - - - - - - - - - - -

ရက်စွဲ။ ။၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ( )ရက်။